ဥပဒေကြမ်း

# ၁၉၅၄ ခုနှစ်၊ နိုင်ငံတော်အထိမ်းအမှတ်များ(ဆင်ယင်ပြသမှုကန့်သတ်ရေး)အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း

**၁၉၅၄ ခုနှစ်၊ နိုင်ငံတော်အထိမ်းအမှတ်များ**
**(ဆင်ယင်ပြသမှုကန့်သတ်ရေး)အက်ဥပဒေကို**
**ပြင်ဆင်သည့်ဥပဒေကြမ်း**
**(၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်    )**
**၁၃၇၆ ခုနှစ်၊    လ    ရက်**
**(၂၀၁၄ ခုနှစ်၊    လ    ရက်)**

**ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။**

၁။ ဤဥပဒေကို **၁၉၅၄ ခုနှစ်၊ နိုင်ငံတော်အထိမ်းအမှတ်များ(ဆင်ယင်ပြသမှုကန့်သတ်ရေး) အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ** ဟုခေါ်တွင်စေရမည်။

၂။ ၁၉၅၄ ခုနှစ်၊ နိုင်ငံတော်အထိမ်းအမှတ်များ (ဆင်ယင်ပြသမှုကန့်သတ်ရေး)အက်ဥပဒေ ပုဒ်မ ၆ ၌ ပါရှိသော “ခရိုင်ရာဇဝတ်တရားသူကြီး”ဆိုသည့် စကားရပ်ကို “ခရိုင်တရားသူကြီး” ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ “နယ်ပိုင်ရာဇဝတ်တရားသူကြီး” ဆိုသည့် စကားရပ်ကို “မြို့နယ်တရားသူကြီး” ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ “ပထမတန်း သို့တည်းမဟုတ် ဒုတိယတန်းရာဇဝတ် တရားသူကြီး” ဆိုသည့် စကားရပ်ကို “ပထမတန်း သို့တည်း မဟုတ် ဒုတိယတန်းရာဇဝတ်အာဏာအပ်နှင်းခြင်းခံရသော တရားသူကြီး” ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ “ရာဇဝတ်တရားသူကြီး” ဆိုသည့် စကားရပ်ကို “တရားသူကြီး”ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း အစားထိုးရမည်။

၃။ ၁၉၅၄ ခုနှစ်၊ နိုင်ငံတော်အထိမ်းအမှတ်များ (ဆင်ယင်ပြသမှုကန့်သတ်ရေး)အက်ဥပဒေပုဒ်မ ၇ ပုဒ်မခွဲ(ကက)နှင့် ပုဒ်မခွဲ(ခခ)တို့အား အောက်ပါအတိုင်း အစားထိုးရမည်-

“(ကက) တရားဝင်အသင်းအဖွဲ့မှတစ်ပါး အခြားသူဖြစ်လျှင် တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးသောင်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည်။

(ခခ) တရားဝင်အသင်းအဖွဲ့ဖြစ်လျှင် ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ချမှတ်ခြင်း ခံရမည်။”

---

**ပြည်သူအများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။**